ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၅၂/၂၀၁၅)

(က) အလုပ်ရှင်မှအယူခံမှု

| | |
|---|---|
| ဒေါ်ကျင်အေး(MD/ပိုင်ရှင်)<br>Hanjen Manufacturing Co.,Ltd၊<br>အမှတ်(၃၀၆)၊ အမှတ်(၄)လမ်းမကြီး၊<br>ရွှေပြည်သာစက်မှုဇုန်(၁)၊ရွှေပြည်သာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးကျော်ကျော်မြင့်ပါ(၆)ဦး<br>ကျောင်းလမ်း၊ ပန်းခြံစုရပ်ကွက်၊<br>ရွှေပြည်သာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

(ခ)အလုပ်သမားမှအယူခံမှု

| | |
|---|---|
| ဦးကျော်ကျော်မြင့်ပါ(၆)ဦး<br>ကျောင်းလမ်း၊ ပန်းခြံစုရပ်ကွက်၊<br>ရွှေပြည်သာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်ကျင်အေး(MD/ပိုင်ရှင်)<br>Hanjen Manufacturing Co.,Ltd၊<br>အမှတ်(၃၀၆)၊ အမှတ်(၄)လမ်းမကြီး၊<br>ရွှေပြည်သာစက်မှုဇုန်(၁)၊ရွှေပြည်သာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်(၁)၊ အမှတ်(၄)လမ်းမကြီး၊ အမှတ်(၃၀၆)ရှိ Hanjen Manufacturing Co.,Ltd၊(MD/ပိုင်ရှင်) ဒေါ်ကျင်အေးနှင့် အလုပ်သမား ဦးကျော်ကျော်မြင့်ပါ(၄)ဦးတို့ဖြစ်ပွားသော အငြင်းပွားမှုကို ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ အဆုံးအဖြတ်ခံယူရန် လွှဲပြောင်းပေးပို့ခဲ့သည့်အမှုဖြစ်သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အမှုအမှတ်(၈၃/၂၀၁၅)အဖြစ် လက်ခံစစ်ဆေးကြားနာပြီး ၁၆-၁၀-၂၀၁၅ ရက်နေ့တွင်ဆုံးဖြတ်ချက်ချမှတ်ခဲ့ရာ အဆိုပါဆုံးဖြတ်ချက်တွင် (က) မောင်ကျော်ကျော်မြင့်အား အလုပ်ရှင်မှ (၁၈-၉-၂၀၁၅)ရက်နေ့တွင် ထုတ်ပြန်ထားသော အလုပ်မှထုတ်ပယ်သည့်အမိန့်ကို အတည်ပြုသည်၊ (ခ) ကျန်တောင်းဆိုသူအလုပ်သမားများဖြစ်သော မမို့မို့သွယ်၊ မသင်းသင်းအေး၊ မသိမ့်သိမ့်ဦးတို့အား မူလရာထူးတွင် ပြန်လည်ခန့်ထားရန်၊ ရက်ပြည့်လုပ်သောလုပ်ခလစာဖြင့် ပေးချေရန်နှင့် ယင်းငွေသည် တစ်နေ့ ၃၆၀၀/- ကျပ်နှုန်းထက်မနည်းစေရ၊ (ဂ) အထက်ပါအလုပ်သမား(၃)ဦးအား အလုပ်မှထုတ်ပယ်သည့်နေ့မှ အလုပ်ပြန်ခန့်သည့်နေ့အထိ ကာလအတွင်း ရရန်ရှိသော လုပ်ခများကို ပြန်လည်ထုတ်ပေးရန်၊ (ဃ) တောင်းဆိုသူများတွင် မပါဝင်သော်လည်း အလုပ်မှထုတ်ပယ်ခြင်းခံရသူများတွင် ပါဝင်သော မငြိမ်းငြိမ်းအိ၊ မောင်ဝင်းနိုင်(၁)၊ မောင်ဇော်မင်းအောင်၊ မသူဇာဝင်းနှင့် မအေးအေးအောင်တို့အား အလုပ်ပြန်လည်ဝင်ရောက်ရန် တောင်းဆိုလာပါက မူလအလုပ်တာဝန်တွင် ပြန်လည်ခန့်ထားရန်နှင့် ရက်ပြည့်လုပ်သောလုပ်ခလစာဖြင့် ပေးချေရန်နှင့် ယင်းငွေသည် တစ်နေ့ ၃၆၀၀/- ကျပ်နှုန်းထက်မနည်းစေရဟု ဆုံးဖြတ်ခဲ့သည်။

၃။ အဆိုပါရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သည့်အတွက် နှစ်ဖက်စလုံးမှ ခုံသမာဓိကောင်စီသို့ ဆက်လက်တင်ပြလျှောက်ထားခဲ့ရာ ခုံသမာဓိကောင်စီက အငြင်းပွားမှုအမှတ် (၅၂/၂၀၁၅) အဖြစ်လက်ခံပြီး အငြင်းပွားမှုအပေါ်ပြန်လည်သုံးသပ်ဆုံးဖြတ်ပေးနိုင်ရန်အတွက် ဥက္ကဋ္ဌအဖြစ် ဦးအေးငွေ (အစိုးရကိုယ်စားလှယ်)၊ အဖွဲ့ဝင်များအဖြစ် ဦးသန်းမောင်(အလုပ်ရှင်ကိုယ်စားလှယ်) နှင့် ဦးနေမင်း (အလုပ်သမားကိုယ်စားလှယ်) တို့ပါဝင်သည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ ပါသည်။

၄။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည်အငြင်းပွားမှုကိုစတင်ဖျန်ဖြေညှိနှိုင်းပေးခဲ့သည့် ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏မှတ်တမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ရှေ့မှောက်တွင် နှစ်ဖက်အငြင်းပွားသူ အလုပ်ရှင်နှင့် အလုပ်သမားများ၏ ထွက်ဆိုချက်များ၊ အလုပ်သမားများဘက်မှ သက်သေဖြစ်သူ၏ ထွက်ဆိုချက်မှတ်တမ်းများ၊ အလုပ်သမားများဘက်မှ သက်သေဖြစ်သူ၏ ထွက်ဆိုချက်မှတ်တမ်းများ တင်ပြထားခဲ့သည့်အထောက်အထားစာရွက်စာတမ်းများစသည်တို့ကို ပြည့်စုံစွာ ဖတ်ရှုလေ့လာခဲ့သည့်အပြင် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ရှေ့မှောက်သို့လည်း နှစ်ဖက်အငြင်းပွားသူများကို ဆင့်ဆိုကာ ထပ်မံသိရှိလိုသည့်အချက်များကို ဖြည့်စွက်ခေါ်မေးမြန်း၍ ထွက်ဆိုချက်များရယူခဲ့ပြီး အောက်ပါကောက်ချက်ကို ရေးဆွဲချမှတ်ခဲ့သည်-

<u>ကောက်ချက်အမှတ်(၁)။</u> အလုပ်သမား ဦးကျော်ကျော်မြင့်ပါ(၆)ဦးတို့အား အလုပ်ခန့်ထားမှုစာချုပ်ပါ ကြီးလေးသောပြစ်မှုကို ကျူးလွန်သည်ဟုဆိုကာ အလုပ်မှထုတ်ပယ်ခြင်းသည် မှန်ကန်မျှတမှု ရှိ/မရှိ

<u>လေ့လာတွေ့ရှိချက်အမှတ်(၁)</u>

၅။ ဤအငြင်းပွားမှုနှင့်စပ်လျဉ်း၍ မူလက ဦးကျော်ကျော်မြင့်ပါ(၄)ဦးက တောင်းဆိုရာတွင် ပါဝင်ခဲ့သော်လည်း ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အရ အငြင်းပွားမှုနှင့် သက်ဆိုင်သူများကိုပါ ဆုံးဖြတ်ချက်တွင်ထည့်သွင်းခဲ့သည့်အတွက် ဦးကျော်ကျော်မြင့်ပါအလုပ် သမား(၉)ဦးအထိပါဝင်လာခဲ့သည်။ ထိုဆုံးဖြတ်ချက်ကိုမကျေနပ်၍ ခုံသမာဓိကောင်စီသို့ တင်ပြ လျှောက်ထားလာသည့်အခါမငြိမ်းငြိမ်းအိ၊ မောင်ဇော်မင်းအောင်နှင့် ဝင်းနိုင်(၁)တို့(၃)ဦး ပါဝင် လာခြင်းမရှိခဲ့သဖြင့် တောင်းဆိုသူ အလုပ်သမား ဦးကျော်ကျော်မြင့်ပါ(၆)ဦးသာကျန်ရှိသည်။

၆။ ဤအငြင်းပွားမှုနှင့်စပ်လျဉ်း၍ အလုပ်ရှင်က တင်ပြထားရာ၌ အလုပ်သမား ဦးကျော် ကျော်မြင့်ပါ တောင်းဆိုသူများသည် လုပ်ငန်းခွင်အတွင်းရှိ အစည်းအဝေးခန်းမ၌ ယခင်အခြေခံ အလုပ်သမားအဖွဲ့အစည်းမှ E.C ဟောင်းများနှင့် အစည်းအဝေးကျင်းပပြုလုပ်နေစဉ်အချင်းချင်း စကားများရန်ဖြစ်ကြရာမှ ကိုယ်ထိလက်ရောက်ကျူးလွန်သည်အထိ ဖြစ်ပွားခဲ့သည်ဟု အလုပ်ရှင် ကစွပ်စွဲတင်ပြထားသည်။ အလုပ်ရှင်က ထိုအလုပ်သမားများသည် E.C စည်းကမ်းချက်များအရ ကြီးလေးသည့်ပြစ်ဒဏ်ကို ကျူးလွန်ခြင်းဖြစ်၍ အလုပ်မှထုတ်ပယ်ရခြင်းဖြစ်သည်။ မည်သို့မျှ ပြန် လည်စဉ်းစားရန်မဖြစ်နိုင်ပါကြောင်း ငြင်းဆိုတင်ပြခဲ့သည်။

၇။ ၁၈-၉-၂၀၁၅ ရက်နေ့တွင် ဟန်ဂျင်းစက်ရုံ အခြေခံအလုပ်သမားအဖွဲ့အစည်း ဥက္ကဋ္ဌ ဦးကျော်ကျော်မြင့်ပါ(၆)ဦးနှင့် ယခင်အလုပ်အမှုဆောင်ဟောင်းများဖြစ်သည့် ဒေါ်ငြိမ်းငြိမ်းအိပါ (၅)ဦးတို့သည် အလုပ်သမားရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြရာမှ စကားအခြေအတာ ဖြစ်ကြပြီး ထိုအစည်းအဝေးပွဲမှ ရန်ပွဲအဖြစ်ရောက်ရှိသွားခဲ့သည်ဟုဆိုသည်။ ထိုသို့ရန်ပွဲဖြစ်ပွား ရာ၌ အခြေခံအဖွဲ့အစည်း ဥက္ကဋ္ဌ ဦးကျော်ကျော်မြင့်က တစ်ဖက်မှ အမျိုးသမီးဒေါ်ငြိမ်းငြိမ်းအိကို ကိုယ်ထိလက်ရောက်ရန်ပြုရာ၌ ကြားဝင်ခံသည့် ကိုဇော်မင်းအောင်နှင့် ကိုဝင်းနိုင်တို့နှစ်ဦးကို ထိ ခိုက်အနာတရ ဖြစ်စေခဲ့သည်။ ထိုကိစ္စအပေါ် ရဲအရေးမပိုင်သည့်အတွက် ကာယကံရှင်များက တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့သည့် အခြေအနေကိုလည်းတွေ့ရှိရသည်။

၈။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ပါ စာမျက်နှာ ၃ ပိုဒ်(ခ)တွင် "စစ် ဆေးချက်များအရ ဦးကျော်ကျော်မြင့်တစ်ဦးတည်းကသာ ကိုယ်ထိလက်ရောက်ကျူးလွန်သည် ဟု မှတ်ယူနိုင်သည်၊ ကျန်သောအစည်းအဝေးတွင်ပါဝင်သည့် အလုပ်ထုတ်ခံထားရသူ အလုပ် သမား(၈)ဦးက ရန်ပွဲဖြစ်ပွားရာ၌ ပြန်လည်တုံ့ပြန်ခြင်းလုံးဝမပေါ်ပေါက်ပါ" ဟူ၍ သုံးသပ် ဖော် ပြထားသည်ကိုလည်း တွေ့ရှိရသည်။

၉။ တစ်ဖန်အခြေခံအလုပ်သမားအဖွဲ့အစည်း ဥက္ကဋ္ဌ ဦးကျော်ကျော်မြင့်က မိမိတို့သည်ထိုနေ့ က မည်သည့်အစည်းအဝေးမျှကျင်းပခြင်းမရှိကြောင်း၊ အလုပ်ရှင်က မိမိတို့ကို အလုပ်ထုတ်ပစ်

လိုသည့်အတွက် တမင်အကွက်ဆင်၍ ဖြစ်စဉ်ကို ဖန်တီးခဲ့ခြင်းသာဖြစ်ပါကြောင်း ထွက်ဆိုအစ ဆေးခံချက်တစ်ရပ်ကိုလည်း ထူးခြားစွာမှတ်သားရပေသည်။ ထို့ကြောင့် ဦးကျော်ကျော်မြင့် (၆)ဦးသောအလုပ်သမားများကလည်း မိမိတို့သည် အလုပ်ကိုသာပြန်လည်လုပ်ကိုင်လိုပါကြောင်း ထွက်ဆိုဖော်ပြထားကြပြန်ပေသည်။

<u>သုံးသပ်ချက်အမှတ်(၁)</u>

၁၀။ ယခုဖြစ်ပွားသည့် အငြင်းပွားမှုဖြစ်စဉ်အရ အစည်းအဝေးကျင်းပခြင်းမရှိဟုဆိုထားသော် ငြားလည်း ထိုအစည်းအဝေးတွင်ပါဝင်ပြီး ဦးကျော်ကျော်မြင့်က ကိုယ်ထိလက်ရောက်ထိုးနှက်ရန် ကြိုးပမ်းခြင်းခံရသည်ဟုဆိုသည့် E.C ဟောင်းဖြစ်သည့် ဒေါ်ငြိမ်းငြိမ်းအိကမှ ထိုအစည်းအဝေး တွင် ဦးကျော်ကျော်မြင့်က ကိုယ်ထိလက်ရောက်တိုက်ခိုက်ရန် ကြိုးပမ်းခဲ့ကြောင်း၊ ခြေလွန်လက် လွန်မဖြစ်စေရန် ကြားဝင်ခံပေးသူနှင့် ဝိုင်းဝန်းဖျန်ဖြေသူများအစရှိသဖြင့် အစည်းအဝေးတက် ရောက်သူအချင်းချင်း ရုတ်ရုတ်သဲသဲဖြစ်ပွားခဲ့ကြောင်း၊ ထိခိုက်အနာတရဖြစ်မှုရှိခဲ့ကြောင်း၊ ထို့အတွက် တရားရုံးသို့ ဦးတိုက်လျှောက်ထားမှုရှိကြောင်း သိရှိရပြန်ပေရာ အစည်းအဝေး ကျင်းပခြင်းမရှိကြောင်း ဦးကျော်ကျော်မြင့်၏ ငြင်းချက်မှာ မှန်ကန်သည်ဟူ၍ ယူဆရန် ခက်ခဲနေ ပေသည်။

၁၁။ အငြင်းပွားမှုဖြစ်စဉ်နှင့် ခိုက်ရန်ဖြစ်ပွားမှုအခြေအနေကိုကြည့်ပါက ဦးကျော်ကျော်မြင့်က ဒေါသအလျှောက် ကိုယ်ထိလက်ရောက်စတင်ကျူးလွန်သည့်သဘောရှိပေသည်။ ထိုခိုက်ရန်ဖြစ် ပွားမှုကို နှစ်ဖက်ဖြစ်ပွားသည့် ရန်ပွဲအဖြစ်သတ်မှတ်ရန်မဖြစ်နိုင်ပေ။ ထို့ကြောင့်ဦးကျော်ကျော်မြင့် မှအပ ကျန်အလုပ်ထုတ်ခံရသည့် အလုပ်သမားများမှာ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက် ပါကြီးလေးသောပြစ်မှုအဖြစ်သတ်မှတ်ထားသည့် အမှတ်စဉ်(၄)ကို ကျူးလွန်မှုမရှိကြောင်းတွေ့ရှိ ရသည်။ ဤခုံအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အဆိုပါအလုပ်သမားများ ကို အလုပ်ပြန်လည်ခန့်ထားရန် ဆုံးဖြတ်ထားခဲ့ရာ၌ အလုပ်သမားများ အလုပ်ပြန်လည်ရရှိ နိုင်မှုအခြေအနေကို သေချာစွာစိစစ်သုံးသပ်လျှက် အလုပ်ပြန်လည်ခန့်ထားရန်ထက် နို့တစ်ကြေး အပါအဝင် အလုပ်ထုတ်နစ်နာကြေးပေးခြင်းကသာ ၎င်းတို့အတွက်ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်မည် ဟု ဤခုံအဖွဲ့ ကသုံးသပ်ရပေသည်။

အထက်ပါလေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များအရ ဤခုံအဖွဲ့က အောက်ပါအတိုင်း ဆုံးဖြတ်သည်။

<u>ဆုံးဖြတ်ချက်အမှတ်(၁)</u>

(က) အလုပ်သမား ဦးကျော်ကျော်မြင့်အား အလုပ်မှထုတ်ပယ်ခြင်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏အငြင်းပွားမှုအမှတ်(၈၃/၂၀၁၅)အပေါ်ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်အမှတ်(၁)(က)ပါဆုံးဖြတ်ချက်ကို အတည်ပြုသည်။

(ခ) ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ်(၁) (ခ)နှင့် (ဂ)တို့ကို ပယ်ဖျက်၍ ကျန်အလုပ်ထုတ်ခံရသော အလုပ်သမား(၅)ဦးဖြစ်သည့် မသင်းသင်းအေး၊ မသိမ့်သိမ့်ဦး၊ မမို့မို့သွယ်၊ မသူဇာဝင်းနှင့် မအေးအေးအောင်တို့(၅)ဦး အား နို့တစ်ကြေးတစ်လစာအပါအဝင် (၁)လရက်ပြည့်လုပ်ကိုင်ခဲ့သည့် ၈/၂၀၁၅ လစာ (OT မပါ )ဖြင့် တစ်ဦးချင်းစီ၏လုပ်သက်အလိုက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅) အညီ အလုပ်ထုတ်နစ်နာကြေး တွက်ချက်ခံစားခွင့်ပေးရန်ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင်ဖော်ပြထားသောနေ့ရက်နေ့မှစ၍အာဏာတည်စေရမည်။

၁၂။ အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်းပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ပုဒ်မ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးသန်းမောင် | ဦးအေးငွေ | ဦးနေမင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |